# 2 မော်တော်ယာဉ်ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း

## 2-4 JAF (ဂျပန်မော်တော်ယာဉ်များသမဂ္ဂ)

JAF (ဂျပန်မော်တော်ယာဉ်များသမဂ္ဂ)သည် ယာဉ်မတော်တဆဖြစ်ပွါးမှုနှင့် ယာဉ်စက်ချို့ယွင်းသောအခါ ၂၄ နာရီ ပိတ်ရက်မရှိ ကူညီကယ်တင်ခြင်း ဂန်ဆောင်မှုကို လုပ်ဆောင်နေပါသည်။ ထို့ပြင် အဖွဲ့ဂင် (နှစ်စဉ်ကြေးလိုအပ်သည်) ဖြစ်လျှင် ယာဉ်မောင်းနှင်မှုဆိုင်ရာ လမ်းအခြေအနေသတင်းများပေးမည့်အပြင် အခြားအကျိုးဖြစ်စေမည့် ဂန်ဆောင်မှုအမျိုးမျိုးကို ခံစားရပါမည်။

### (1) နိုင်ငံခြားလိုင်စင်၏ ဘာသာပြန်စာထုတ်ယူခြင်း

နိုင်ငံခြားလိုင်စင်မှ ဂျပန်နိုင်ငံ၏လိုင်စင်သို့ ပြောင်းလဲလျှောက်ထားသည့်အခါ နိုင်ငံခြားလိုင်စင်၏ ဘာသာပြန်စာ (ဂျပန်ဘာသာ) လိုအပ်ပါသည်။ ဂျပန်ဘာ သာသို့ပြန်ဆိုစာသည် JAF ၊ ဂျပန်နိုင်ငံရှိ နိုင်ငံခြားသံရုံး၊ ကောင်စစ်ဂန်ရုံး သို့မဟုတ် နိုင်ငံခြားလိုင်စင်ထုတ်ပေးသော ဌာနအဖွဲ့အစည်းမှ ထုတ်ပေးသော အရာ ဖြစ်မှသာလျှင် အသိအမှတ်ပြုပါမည်။

လျှောက်ထားခြင်းအတွက် အခကြေးငွေသည် လိုင်စင်တစ်ခုစီအတွက် ¥ ၃၀၀၀ ၊ စာတိုက်မှလျှောက်ထားလျှင် ပို့ခအဖြစ် စာတိုက်ကြေး (ဝန်ဆောင်ခအပါအဝင်) အဖြစ် ¥ ၅၀၀ အပို ထပ်ဆောင်းပေးရန်လိုပါသည်။

- **JAF ဂက်ဆိုက်**

http://www.jaf.or.jp/ (ဂျပန်ဘာသာ)

http://www.jaf.or.jp/e/index.htm (အင်္ဂလိပ်ဘာသာ)

- **လျှောက်ထားနည်း**

| လိုအပ်သောစာရွက်စာတမ်း | လျှောက်ထားနည်း | လျှောက်ထားရန်ကောင်တာ | လျှောက်ထားကြေး |
|---|---|---|---|
| 1 နိုင်ငံခြားလိုင်စင်ဘာသာပြန်စာ ထုတ်ယူရန်ပုံစံ<br>2 နိုင်ငံခြားလိုင်စင်<br>3 နေထိုင်သူကတ်ပြားမိတ္တူ (သို့) နေထိုင်ခြင်းထောက်ခံစာ မိတ္တူ စသည်※ | JAF ကောင်တာသို့ တိုက်ရိုက် သို့မဟုတ် ကောင်တာသို့ လိပ်မူ၍ အခကြေးငွေထည့်ပြီး မှတ်ပုံတင်ချောစာဖြင့် စာတိုက်မှပို့ရန် | JAF ရုံးခွဲတိုင်း၏ ဘာသာပြန်စာထုတ်ပေးရေးကောင်တာ | ယန်း ၃၀၀၀ (စာတိုက်မှပို့လျှင်) စာတိုက်ကြေး (ဝန်ဆောင်ခအပါအဝင်) အဖြစ် ယန်း ၅၀၀ လိုအပ်သည်။ |

※ အာရပ်ဘာသာနှင့် ရုရှဘာသာ ဖြင့်ရေးထားသောလိုင်စင်၊ ကိုးရီးယား၊ ထိုင်း၊ မြန်မာ စသည်တို့တွင် ထုတ်ပေးသော လိုင်စင်ဖြစ်လျှင် လိုအပ်သည်။

### (2) ယာဉ်လမ်းစည်းကမ်းလက်စွဲစာအုပ် (နိုင်ငံခြားဘာသာ) ရောင်းချခြင်း

မော်တော်ယာဉ်လိုင်စင်ရယူသောအခါ၌ ယာဉ်မောင်းလိုင်စင်ဖြေဆိုရာဌာန၏ ရေးဖြေစာမေးပွဲကို ဖြေကြားရန်အတွက် ဂျပန်သယ်ယူပို့ဆောင်ရေး ဘေးကင်းလုံခြုံမှုအသင်းမှ ထုတ်ဝေသော "ယာဉ်လမ်းစည်းကမ်းလက်စွဲစာအုပ်" ဟုခေါ်သော ဖတ်စာအုပ်ရှိပါသည်။ ဂျပန်ဘာသာဖြင့်အပြင် နိုင်ငံခြားဘာသာဖြင့် "ယာဉ်လမ်းစည်းကမ်းလက်စွဲစာအုပ်" (အင်္ဂလိပ်၊ တရုတ်၊ ပေါ်တူဂီ၊ စပိန်၊ ၄မျိုး) ကိုလည်း JAF မှ ထုတ်ဝေပါသည်။ ဂျပန်ဘာသာဖြင့် စာအုပ် ကို ဒေသ အစိုးရအသီးသီးပေါ်တွင်မူတည်၍ အခမဲ့ဖြစ်သည်။ အခြားဘာသာဖြင့်ထုတ်ဝေသော စာအုပ်မှာ တစ်အုပ် ယန်း ၁၄၇၄ (အခွန်ပါ၊ ပို့ခမပါ) ဖြင့် ရောင်းပါသည်။

အသေးစိတ်ကိုအောက်ရှိ JAF website ၌ ကြည့်ရှုပါ။

http://www.jaf.or.jp/